ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သည့်သတင်းလွှာ ( ၁ / ၂၀၂၆)

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်

အကြောင်းအရာ ။ **ရင်းနှီးမြှုပ်နှံမှုများကို အမေရိကန်ဒေါ်လာသာမက တရုတ်ငွေကြေးယွမ်ဖြင့် လက်ခံဆောင်ရွက်လျက်ရှိကြောင်း အသိပေးထုတ်ပြန်ခြင်း**

၁။ ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုလွယ်ကူချောမွေ့စေရန်နှင့် ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးသို့ အဆိုပြုချက်နှင့် အတည်ပြုလျှောက်ထားလွှာများ တင်ပြလျှောက်ထားရာတွင် ရင်းနှီးမြှုပ်နှံမည့်နိုင်ငံခြားမတည်ငွေရင်းကို အမေရိကန်ဒေါ်လာ (USD) အပြင် တရုတ်ငွေကြေးယွမ် (CNY) ဖြင့်ပါ လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားမတည်ငွေရင်းကို အမေရိကန်ဒေါ်လာ (USD) ဖြင့် ယူဆောင်လာပါက အမေရိကန်ဒေါ်လာ (USD) ဖြင့်လည်းကောင်း၊ တရုတ်ငွေကြေး ယွမ် (CNY) ဖြင့် ယူဆောင်လာပါက တရုတ်ငွေကြေးယွမ် (CNY) ဖြင့်လည်းကောင်း နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရဘဏ် များမှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုအတွက် လွှဲပြောင်းပေးချေမှုများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်